## Twenty-First Sunday in Ordinary Time (C)

### 1st READING: *Isaiah 66:18-21*

ဟေရှာယအနာဂတ္တိကျမ်း ၆၆း၁၈–၂၁

အချိန်တန်မှဘာသာစကားခြားနားသောလူအမျိုးမျိုးအပေါင်းတို့ကိုငါစည်းဝေးစေသဖြင့်၊သူတို့သည်လာ၍ငါ၏ဘုန်းကိုဖူးမြင်ကြလိမ့်မည်။ထိုသူတို့တွင်အလံကိုငါထူမည်။ဘေးလွတ်သောသူတို့ကိုတာရှုပြည်၊ဖုလပြည်လေးလက်နက်ကိုသုံးတတ်သောလုဒပြည်၊တုဗလပြည်၊ယာဝန်ပြည်မှစ၍၊ငါ၏နာမကိုမကြား၊ငါ၏ဘုန်းကိုမမြင်၊ဝေးစွာသောတကျွန်းနိုင်ငံအရပ်သို့စေလွှတ်သဖြင့်၊ တပါးအမျိုးသားတို့တွင်ငါ၏ဘုန်းကိုဟောပြောကြလိမ့်မည်။ဣသရေလအမျိုးသားတို့သည်စင်ကြယ်သောဖလားစသည်တို့နှင့်၊ပူဇော်သက္ကာကိုဗိမာန်တော်သို့ဆောင်ခဲ့သကဲ့သို့၊ထိုသူတို့သည်သင်တို့၏ညီအစ်ကိုအပေါင်းကိုမြင်း၊ ရထား၊ထမ်းစင်၊ မြည်း၊ ကုလားအုပ်ပေါ်၌တင်၍၊ထာဝရဘုရားအားပူဇော်ဘို့ရာ၊ခပ်သိမ်းသောအပြည်ပြည်တို့မှငါ၏သန့်ရှင်းသောတောင်၊ယေရုရှလင်မြို့သို့ဆောင်ခဲ့ကြလိမ့်မည်ဟုထာဝရဘုရားမိန့်တော်မူ၏။ထိုသူအချို့တို့ကိုငါရွေးယူ၍၊ယဇ်ပုရောဟိတ်အရာနှင့်လေဝိလူအရာ၌ခန့်ထားမည်ဟုထာဝရဘုရားမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm Psalms 117:1, 2

ဆာလံကျမ်း ၁၁၇

**သံပြိုင်။** ။ ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဝေနေယျသတ္တဝါအပေါင်းတို့အားဧဝံဂေလိတရားတော်ကိုဟောပြောကြလော။

**Go out to all the world and tell the Good News.**

၁။ ။လူမျိုးအပေါင်းတို့ထာဝရဘုရားကိုချီးမွမ်းထောမနာပြုကြလော့၊လူအပေါင်းတို့ကိုယ်တော်ကိုချီးမွမ်းဂုဏ်ပြုကြလော့။
**(သံပြိုင်)**

Praise the LORD all you nations; glorify him, all you peoples!

၂။ ။ကိုယ်တော်၏သနားကရုဏာတော်သည်ငါတို့အပေါ်မှာကြီးမားလှပေ၏။ထာဝရဘုရား၏သစ္စာတော်သည်လည်း
အစဉ် ထာဝရတည်တော်မူ၏။ ထာဝရဘုရားအားချီးမွမ်းထောမနာပြုကြလော့။ **(သံပြိုင်)**

For steadfast is his kindness toward us, and the fidelity of the LORD endures forever.

## 2nd READING: *Hebrews 12:5-7,11-13*

ဟီဘရူးသြဝါဒစာ ၁၂း၅–၇၊၁၁–၁၃

သင်တို့ကိုဘုရားသခင်၏ သားသမီးများဟုခေါ်ဝေါ်သည့်အားတက်ဘွယ်ကောင်းသောကျမ်းချက်ကိုသင်တို့မေ့လျော့ကြပြီ လော။ထိုကျမ်းချက်ဟူမူကား၊ငါ့သား၊သင်တို့ထာဝရဘုရားပဲ့ပြင်တော်မူသောအခါ ။ဂရုတစိုက်နာခံလော့၊ဆုံးမတော်မူသော အခါ၌လည်းစိတ်ပျက်ငြိုငြင်ခြင်းမရှိလေနှင့်။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည်မိမိချစ်ခင်တော်မူသောသူတို့ကို သွန်သင်ပဲ့ပြင်တော်မူ၍သားအဖြစ်လက်ခံသောသူတို့ကိုဆုံးမတော်မူတတ်သောကြောင့်ဖြစ်၏ ။သင်တို့ခံရသောဒုက္ခဆင်းရဲ ကိုဖခင်၏ ဆုံးမခြင်းအဖြစ်ဖြင့်ခံထမ်းကြလော့။အကြောင်းမူကား၊ဖခင်မဆုံးမသည့်သားဟူ၍ရှိသလော။သို့သော်နောက် ပိုင်းတွင်ဆုံးမခြင်းခံရကြသောသူတို့သည်ငြိမ်းချမ်းသာယာခြင်း၏ ကောင်းကျိုးဖြစ်သောဖြောင့်မတ်ခြင်းကျေးဇူးကိုရရှိကြ လေသည်။ထို့ကြောင့်သင်တို့၏ နွမ်းနယ်သည့်လက်များကိုပင့်မြှောက်၍တုန်ရီနေသည့်ဒူးများကိုခိုင်ခန့်စေကြလော့။သင်တို့ သွားရာလမ်းကိုဖြောင့်ဖြူးစေကြလော့။သို့မှသာလျှင်ခြေမစွမ်းသောသူတို့သည်သန်စွမ်းလာကာပျောက်ကင်းချမ်းသာမှုရရှိ ကြပေမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 13:22-30*

ရှင်လုကာဧဝံဂေလိကျမ်း ၁၃း၂၂–၃၀

ကိုယ်တော်သည်ဂျေရုဆလင်မြို့သို့ခရီးပြုတော်မူစဉ်လမ်း၌မြို့ရွာများကိုဖြတ်သွားလျက်ဟောပြောသွန်သင်တော်မူ၏။ထိုအချိန်တွင်တစ်ယောက်သောသူကကိုယ်တော်ဘုရား၊ကယ်တင်ခြင်းခံရမည့်သူတို့သည်နည်းကြပါသလောဟုမေးလျှောက်လျှင်ကိုယ်တော်ကသူတို့အားမိန့်တော်မူသည်ကား။ကျဉ်းမြောင်းသောတံခါးမှဝင်ရန်ကြိုးစားကြလော့။အကြောင်းမူကား၊များစွာသောသူတို့သည်ဝင်ရန်ကြိုးစားကြသော်လည်းမဝင်နိုင်ကြဟုသင်တို့အားငါဆို၏။အိမ်ရှင်သည်ထ၍တံခါးကိုပိတ်လိုက်ပြီးသောအခါ၊သင်တို့သည်အပြင်မှာရပ်နေကြလျက်တံခါးကိုခေါက်လျှင်သခင်၊ကျွန်တော်တို့အားတံခါးဖွင့်ပေးပါဟုတောင်းလျှောက်ကြသော်လည်းသင်တို့ကိုငါမသိဟုသူကပြန်ပြောလိမ်မည်။ထိုအခါသင်တို့ကကျွန်တော်တို့သည်ကိုယ်တော်နှင့်အတူစားသောက်ခဲ့ကြပါပြီ၊ကိုယ်တော်သည်ကျွန်တော်တို့၏လမ်းများပေါ်တွင်သွန်သင်ခဲ့ပါသည်ဟုဆိုကြလိမ့်မည်။သို့သော်သူကသင်တို့မည်သည့်အရပ်မှလာသည်ကိုငါမသိ၊အပြစ်မကောင်းမှုကိုပြုသောသူအပေါင်းတို့ငါ့ထံမှထွက်ခွါသွားကြလော့ဟုပြောလိမ့်မည်။သင်တို့သည်အာဗြာဟမ်၊အီဇက်၊ယာကုပ်မှစ၍ပရောဖက်အပေါင်းတို့ကိုဘုရားသခင်၏နိုင်ငံတော်တွင်မြင်ကြရ၍သင်တို့မူကား၊အပြင်သို့နှင်ထုတ်ခြင်းခံကြရသောအခါထိုနေရာ၌ငိုကြွေးအံကြိတ်ကြလိမ့်မည်။လူတို့သည်အရှေ့၊အနောက်၊တောင်မြောက်အရပ်တို့မှလာကြ၍ဘုရားသခင်၏နိုင်ငံတော်၌စားပွဲထိုင်ကြလိမ့်မည်။ထိုအခါနောက်ဆုံးသောသူတို့သည်ပထမဦးဆုံးဖြစ်ကြလိမ့်မည်။ပထမဦးဆုံးသောသူတို့သည်နောက်ဆုံးဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။